“ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး”ကဏ္ဍ

# မြန်မာတရုတ်နယ်စပ်ဒေသရှိ မူလတန်း၊ အလယ်တန်းကျောင်းသားကျောင်းသူများက စာပေပွဲများဖြင့်မိတ်ဆွေပေါင်းသင်းကြ

ကမ္ဘာ့စာဖတ်နေ့တွင် မြန်မာတရုတ်နှစ်နိုင်ငံ မူလတန်း၊ အလယ်တန်းကျောင်းသားကျောင်းသူများက စာပေပွဲများဖြင့် မိတ်ဆွေပေါင်းသင်းကြပါသည်။ နှစ်စဉ်နှစ်တိုင်း၏ ဧပြီလ(၂၃)ရက်နေ့သည် ကမ္ဘာ့စာဖတ်နေ့ဖြစ်သည်။ ယူနန်ပြည်နယ်လုံချွမ်ခရိုင် လာရင်နိုင်ငံကူးတံခါးမူလတန်းကျောင်းနှင့် မြန်မာနိုင်ငံလေကြီးမြို့ တရုတ်ဘာသာစာသင်ကျောင်းမှ မူလတန်း၊ အလယ်တန်းကျောင်းသားကျောင်းသူစုစုပေါင်း(၄၃၀)ဦးက တရုတ်မြန်မာနယ်စပ်ဒေသတွင် စာပေပွဲများဖြင့် မိတ်ဆွေသူငယ်ချင်းများပေါင်းသင်းကြသည်။ တရုတ်နှင့်မြန်မာဘာသာစကားဆိုဖတ်ခြင်း၊ ပုံပြင်ပြောခြင်း၊ စာစီစာကုံးရေးသားခြင်း၊ စုတ်တံဖြင့်စာရေးခြင်း၊ ပန်းချီရေးဆွဲခြင်းပြိုင်ပွဲနှင့် ကျောင်းတွင်းလှည့်လည်ခြင်းစသည့် အစီအစဉ်များကို ကျင်းပခဲ့သည်။

အဆိုပါအချိန်တွင် လုံချွမ်ခရိုင်စာကြည့်တိုက်၊ လုံချွမ်လာရင်နိုင်ငံကူးတံခါးမူလတန်းကျောင်း၊ လုံချွမ်ခရိုင်လာရင်နိုင်ငံကူးတံခါးစာအုပ်ဆိုင် (ယဉ်ကျေးမှုစင်တာ)နှင့် မြန်မာနိုင်ငံလေကြီးမြို့တရုတ်ဘာသာ စာသင်ကျောင်းတို့သည် စတုတ္ထကြိမ်မြောက် တရုတ်မြန်မာ မူလတန်း၊ အလယ်တန်းကျောင်းသားကျောင်းသူစာဖတ်ပွဲအစီအစဉ်ကို အတူတကွကျင်းပခဲ့သည်။ လုံချွမ်လာရင်နိုင်ငံကူးတံခါးမူလတန်းကျောင်းမှ မူလတန်းကျောင်းသားကျောင်းသူ(၂၈၀)ဦးနှင့် မြန်မာနိုင်ငံလေကြီးမြို့ တရုတ်ဘာသာစာသင်ကျောင်းမှ မူလတန်း၊ အလယ်တန်းကျောင်းသားကျောင်းသူ (၁၅၀)ယောက်ကို ၎င်းအစီအစဉ်သို့ ပါဝင်ကြရန်အသီးသီးဖိတ်ကြားခဲ့သည်။

လုံချွမ်ခရိုင်စာကြည့်တိုက်မှူး ရန်ချုံလန်၏ မိတ်ဆက်ခြင်းမှသိရသည်မှာ တရုတ်မြန်မာ မူလတန်း၊ အလယ်တန်းကျောင်းသားကျောင်းသူ စာဖတ်ပွဲအစီအစဉ်သည် ၂၀၁၄ခုနှစ်မှ ယခုအချိန်အထိတိုင်ကျင်းပခဲ့သည်။ တရုတ်မြန်မာနှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးကို ပိုမိုခိုင်မြဲစေခြင်း၊ နှစ်နိုင်ငံပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုဖြစ်ထွန်းစေခြင်း၊ နှစ်နိုင်ငံလူငယ်များအတွက် ယဉ်ကျေးမှုဖလှယ်နိုင်သော အခွင့်အရေးများကို ရရှိစေခြင်းစသည်တို့ကို အကျိုးထူးစေနိုင်ခဲ့သည်။




လာရင်သည်လုံချွမ်ခရိုင် တရုတ်မြန်မာနယ်ခြားတိုင် (၅၀-၅၁)မှတ်တိုင်အကြားတွင် တည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။ နယ်ခြားမှတ်တိုင်သည် ကျေးရွာ၏ အလယ်တွင် စိုက်ထူထားသည်။ ညောင်ပင်ကြီးတစ်ပင်ဖြင့် ဘယ်ညာတွင်ဝါးထံရုံ၊ လမ်း၊ မြေကန်ဘောင်များဆက်နွယ်ကာ နိုင်ငံနယ်နိမိတ်အဖြစ် သတ်မှတ်လိုက်သည်။ တရုတ်နိုင်ငံဘက်တွင် လာရင်၊ မြန်မာနိုင်ငံဘက်တွင် လေကြီးမြို့ “နိုင်ငံခြားဈေး”ရှိသည်။ ကျေးရွာတစ်ရွာ၊ နိုင်ငံနှစ်နိုင်ငံ၊ နှစ်နိုင်ငံပြည်သူလူထုများသည် မြစ်တစ်မြစ်တည်းရေကို အတူသောက်သုံးကြသည်၊ ဈေးတစ်ဈေးကိုသာ သွားဝယ်ကြသည်၊ ဘုရားကျောင်း တစ်ကျောင်းတည်းအတူသွားရှိခိုးကြသည်။

## ယွမ်ကျမ်းတွင် Renanthera ကိုတွေ့ရှိ



လတ်တလောရက်ပိုင်းတွင် ယွမ်ကျမ်းနိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်း သိမ်းရေးနယ်မြေအတွင်းတွင် တရုတ်နိုင်ငံတွင် မျိုးသုဉ်းလုနည်းပါးဖြစ်သော အဖိုးတန်ရုက္ခဗေဒအပင် Renantheraကို တွေ့ရှိကြောင်းအတိအလင်းပြောကြားသည်။ အဆိုပါအနီရောင်သစ်ခွပန်းများသည် ရုက္ခဗေဒပညာရှင်များက ရုက္ခဗေဒအပင်လောက၏ “ပန်ဒါ”ဖြစ်သည်ဟု တင်စားကြသည်။

အနောက်တောင်ပိုင်းသစ်တောရေးရာတက္ကသိုလ်ပါမောက္ခတုဖန်၏ မိတ်ဆက်ခြင်းအရ သိရသည်မှာ သဘာဝအတိုင်းပေါက်ရောက်သော Renantheraသစ်ခွသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ယွမ်ကျမ်းခရိုင်နှင့် ဗီယက်နမ်တွင်ရှိကြသည်။ ယခင်ရာစု (၅၀)ဆယ်စုနှစ်အစပိုင်းတွင် တရုတ်နိုင်ငံ ရုက္ခဗေဒပညာရှင်များသည် ယွမ်ကျမ်းခရိုင် ပင်လယ်ရေမျက်နှာပြင်မီတာ(၅၀၀)ခန့်ရှိသော ခြောက်သွေ့သော အပူပိုင်းချောင်းကမ်းပါးဒေသတွင်ပြည်တွင်း၌ တစ်ခုတည်းရှိသော Renantheraသစ်ခွကို တွေ့ရှိခဲ့သည်။ ထိုအချိန်တွင် Renantheraသစ်ခွ၏ ပေါက်ရောက်မှုပတ်ဝန်းကျင်၊ အရေအတွက်များကို အသေးစိတ် ဖော်ပြထားခြင်းမရှိခဲ့ပေ။ ၂၀၁၅ခုနှစ် ဧပြီလ (၂၃)ရက်နေ့တွင် အနောက်တောင်ပိုင်း သစ်တောရေးရာတက္ကသိုလ်နှင့် ယွမ်ကျမ်းခရိုင်သစ်တောရေးရာဌာနတို့မှ သစ်တောအရင်းအမြစ်စုံစမ်းစစ်ဆေးခြင်းကို ပူးတွဲပြီးအတူတကွပူးပေါင်းဆောင်ရွက်ရာတွင် ယွမ်ကျမ်းနိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး နယ်မြေထဲတွင် မထင်မှတ်ဘဲ Renantheraသစ်ခွဟု ထင်ရသောအပင်သုံးပင်တွေ့ရသည်။ (၃)နှစ်တာအချိန်လေ့လာခြင်းနှင့် သုံးသပ်ခြင်းမှတစ်ဆင့် ၎င်းသည်အလွန်တန်ဖိုးမြင့်သော မျိုးသုဉ်းလုနည်းပါးဖြစ်သော ယူနန် Renantheraသစ်ခွဖြစ်သည်ဟု အတည်ပြုခဲ့သည်။ ယခုအချိန်အထိ ရှာဖွေတွေ့ရှိရသောအပင်သည်(၁၀)ပင် ပင်မရှိပေ။

■ နိုင်ငံခြားသားယူနန်တွင်ရှိခြင်း

## အိန္ဒိယစီးပွားရေးသမားဖိလစ်ဖူသည် ယူနန်ကိုကြိုက်နှစ်သက်ခြင်း

“ယခုအချိန်ထိတိုင် ကျွန်တော်သည်ယူနန်သို့လာတာ (၃)ကြိမ်ရှိပြီဖြစ်တယ်။ ၎င်းအနက်၊ တစ်ကြိမ်မှာ တောင်အာရှကုန်စည်ပြပွဲသို့ တက်ရောက်ခြင်းဖြစ်တယ်။ အခြားနှစ်ကြိမ်မှာ စီးပွားရေးလေ့လာရေးခရီးစဉ်ဖြစ်တယ်။”မတ်လ(၂၂)ရက်နေ့တွင် အိန္ဒိယမွန်ဘိုင်းမြို့မှ ရောက်ရှိလာသော စီးပွားရေးလုပ်ငန်းရှင်ဖိလစ်ဖူသည် သူနှင့်ယူနန်အကြောင်းများကို ကျွန်တော့်အားပြောပြသည်။

ဖိလစ်ဖူ၏မိသားစုများသည် ခေတ်အဆက်ဆက် စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်ကြသည်။ အဓိကအားဖြင့် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ဆောင်သည်။ ဆွေ့သည်တော်များသည် နိုင်ငံအများအပြားနှင့် နယ်မြေအများအပြားမှာ ဖြန့်ကျက်လျက်ရှိကြပါသည်။ ဖိလစ်ဖူသည် ၂၀၁၂ခုနှစ်တွင် တရုတ်နိုင်ငံကုမ္ပဏီရုံးချုပ်ကို ကျယ်ကျမ်းရီဝူတွင်တည်ထောင်ခဲ့သည်။ အမွှေးနံ့သာနှင့် အမွှေးဆီစသည့် အမွှေးရနံ့ထွက်ကုန်များရောင်းဝယ်ရေးကို အဓိကဆောင်ရွက်သည်။

“ယူနန်ပြည်နယ်၊ အနောက်ပိုင်းတွင် တစ်နှစ်ပတ်လုံးအမြဲစိမ်းလန်းသော၊ မတ်စောက်သော တောင်တစ်တောင်ရှိပြီး၊ တရုတ်နိုင်ငံသားများကကောင်းလီကုံးတောင်ဟုခေါ်ဝေါ်ကြသည်။ သို့ရာတွင် ကျွန်တော်၏ အိန္ဒိယမိတ်ဆွေကမူ ၎င်းသည် နတ်တောင်တစ်တောင်ဖြစ်သည်၊ တရုတ်နိုင်ငံ တိဗက်နယ်မြေအတွင်းတွင် တည်ရှိသောMount Khailash နတ်တောင်၏ အမျိုးသမီးဖြစ်သည်ဟု ယူဆသည်။ “ထို့ကြောင့်ဖိလစ်ဖူသည် ယူနန်အပေါ် ပိုမိုရင်းနှီးနေပါတော့သည်။

ယမန်နှစ်ဇွန်လတွင် စတုတ္ထကြိမ်မြောက်တရုတ်နိုင်ငံတောင်အာရှကုန်စည်ပြပွဲကို ကူမင်းမြို့တွင် ကျင်းပခဲ့သည်။ ဖိလစ်ဖူသည်လှပဖွယ်စုံလင်သော အိန္ဒိယမှရနံ့မွှေးကြိုင်သော ကုန်ပစ္စည်းများကို ယူဆောင်လာပြီး ကုန်ပစ္စည်းမိတ်ဆက်ပွဲအစီအစဉ်များကို ကျင်းပခဲ့သည်။ ယူနန်လုပ်ငန်းရှင်များစွာနှင့်လည်း သိကျွမ်းရင်းနှီးသည့် ဆက်သွယ်ရေးများကိုလုပ်ဆောင်ခဲ့သည်။ “ယခုလက်ရှိတွင် ကျွန်တော်တို့၏ ယူနန်ဆွေ့သည်တော်များသည်အဓိကအားဖြင့်ပေါင်စန်၊ လီကျမ်းနှင့် စစ်ဆောင်ပန်းနား စသည့်ဒေသများတွင်ရှိကြသည်။ သူတို့တတွေသည်ရှုခင်းသာနယ်မြေသို့မဟုတ် ရောင်းဝယ်ရေးစင်တာများတွင် သီးသန့်အရောင်းဆိုင်များကို ဖွင့်လှစ်ထားကြသည်။ ရောင်းချမှုနှုန်းများအလွန်မြင့်ကြသည်။”၎င်းဆွေ့သည်တော်များနှင့် ဆက်သွယ်သည့်အခါတွင် ယူနန်ဈေးကွက်များကို တိုးချဲ့နိုင်သည်သာမက ယူနန်တိုင်းရင်းသားယဉ်ကျေးမှုဓလေ့များကိုလည်း လေ့လာသိရှိနိုင်သည်။ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှပါပေသည်။

ဖိလစ်ဖူသည် ယမန်နှစ်ဧပြီလနှင့် မေလတွင်ပေါင်စန်၊ လီကျမ်းစသည့်ဒေသများသို့သွားရောက်ပြီး ဈေးကွက်လေ့လာရေးများကိုလုပ်ဆောင်ခဲ့သည်။ လေ့လာသည့်အခါတွင် ထိန်ချုံးသည်အလွန်လှပသည်။ ထိန်ချုံးသားများသည် အတွေးအခေါ်ကျယ်ပြန့်မြင့်မားကြသည်။ အိန္ဒိယကုန်ပစ္စည်းများကို လက်ခံနိုင်စွမ်းမြင့်မားသည်ဟု ဖိလစ်ဖူကသတိပြုမိသည်။ သို့သော် နှမြောဖွယ်ရာကောင်းတစ်ခုမှာ ဖိလစ်ဖူသည် ကောင်းလီကုံးတောင်သို့ မသွားရခြင်းဖြစ်သည်။ “ထိုအချိန်က အစီအစဉ်ဆွဲထားတာ အလွန်ကြပ်လွန်းမှာလို့ မသွားလိုက်ရဘူး။” လတ်တလောရက်ပိုင်းတွင် ဖိလစ်ဖူက စက်ာပူမိတ်ဆွေနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး ထိန်ချုံးတွင် ဟိုတယ်တစ်ခုဖွင့်လှစ်ရန် ဆုံးဖြတ်ထားသည်။ သူသည်၎င်းအတွက် မျှော်လင့်ချက်များစွာ ထားရှိသည်။

သတင်းထောက် - ဝမ်ရှီရွယ်